ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်၊ အင်္ဂါနေ့၊ (21-12-2010) (၆၆၁၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Eximbank ဒုတိယဥက္ကဋ္ဌ Mr. Su Zhong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Eximbank ဒုတိယဥက္ကဋ္ဌ Mr. Su Zhong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Eximbank ဒုတိယဥက္ကဋ္ဌ Mr. Su Zhong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Jin Honggen လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Eximbank ဒုတိယဥက္ကဋ္ဌ Mr. Su Zhong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ
The Mirror
ယနေ့ သတင်း အညွှန်း

မက္ကဆီကိုနိုင်ငံ၌ ရေနံပိုက်လိုင်း ခိုးဖောက်မှုကြောင့် ပိုက်လိုင်း ပွင့်ပေါက်။ စာမျက်နှာ - ၄





ဒီဇင်ဘာ ၂၁ ရက် လကြတ်မှုဖြစ်စဉ်၌ လကို အနီရောင်သမ်းလအဖြစ် မြင်တွေ့ရမည်။ စာမျက်နှာ - ၉

မန်စီးတီးတွင်သာ ဆက်လက်နေလို ပုံမှန်ပွဲထွက်ခွင့် အဒီဘာယော တောင်းဆို။ စာမျက်နှာ - ၁၀

ကြေးမုံ The Mirror

၂၁-၁၂-၂၀၁၀

(အင်္ဂါနေ့)

ဆောင်းအလှရာသီ ခရီးသွားလုပ်ငန်းမြှင့်တင်

ပွင့်လင်းရာသီတွင် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာကြပြီ။ မြန်မာနိုင်ငံ၏ ဆောင်းရာသီအလှက ခရီးသည်များအား များစွာဆွဲဆောင်မှုရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းသာယာမှုနှင့် ဒေသခံတို့၏ ဖော်ရွေနွေးထွေးသောကြိုဆိုမှုများသည် ခရီးသွားများနှစ်ခြိုက်စွာ လာရောက်လည်ပတ်ခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။

ယခုနှစ် ဆောင်းရာသီတွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ပိုမိုများပြားလာသည်။ အထူးသဖြင့် ပုဂံဒေသသို့ ခရီးသည်များ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းတို့မှ လာရောက်လျက်ရှိသည်။ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည်ခြောက်သောင်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။ ဆောင်းရာသီပုဂံ၏အလှကို နှစ်သက်သည့် ဥရောပခရီးသွားများ အများဆုံးဖြစ်သည်။

တိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲများ၊ ဒေသအလိုက်ကျင်းပသော ရိုးရာပွဲတော်များ၊ ယဉ်ကျေးမှုကပွဲများ၊ ပန်းအလှပွဲတော်များကို ဆောင်းရာသီအတွင်း ကျင်းပလေ့ရှိရာ ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားကြည့်ရှုလေ့လာကြသည်။

ပုဂံဒေသယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းဘုရားများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ယဉ်ကျေးမှုအဆောက်အအုံများစွာတည်ရှိနေသည်။ ထို့အတူ မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်၊ မန္တလေးတောင်တော်၊ ရွှေမျက်ပါးခတ်လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ လွန်းရာကျော်ချိတ်လုပ်ငန်း၊ မန္တလေးမြို့ တောင်သမန်အင်းနှင့် ကမ္ဘာကျော် ဦးပိန်တံတားတို့ကို ခရီးသွားများ အထူးစိတ်ပါဝင်စားကြသည်။

ခရီးသွားရာသီ ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိလာချိန်တွင် ဝန်ဆောင်မှုအရည်အချင်းမြှင့်တင်ခြင်းဖြင့် ဧည့်ဝတ်ကျေပွန်ကြရပေမည်။ အထူးသဖြင့် ခရီးသည်များ အလွယ်တကူသွားလာတည်းခိုနိုင်ရေး နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးကြရပေမည်။ လေယာဉ်၊ မော်တော်ယာဉ်၊ ရထား၊ သီးသန့်သင်္ဘောများ၊ အပျော်စီးသင်္ဘောများ ပြည့်စုံကောင်းမွန်ရေး ဂရုပြုစီစဉ်ကြရပေမည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့်မန္တလေး၊ ပြင်ဦးလွင်၊ အင်းလေးစသည့် ထူးခြားထင်ရှားသည့်ဒေသများသို့ ဆောင်းအလှရာသီ ရှုချင်ဖွယ်ရာအလှများ ခံစားကြည့်ရှုရန် ခရီးသွားများဝင်ရောက်လျက်ရှိရာ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့် ပြည့်စုံစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ခရမ်းမြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ခရမ်းမြို့အမှတ်(၁)နှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများမပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ခရမ်းမြို့၌ ဦးစောဝင်း ဖုန်း-၀၅၆-၃၀၁၉၄၊ ဦးနိုင်လင်း ဖုန်း-၀၉-၈၆၄၅၆၃၆၊ ဦးအောင်ကျော်ဆွေ ဖုန်း-၀၉-၈၆၄၅၇၀၇၊ဦးသက်ထွန်းဦး ဖုန်း-၀၉-၄၉၂၃၂၄၂၈၊ ဦးအေးကို ဖုန်း-၀၅၆-၃၀၁၄၅၊ ရန်ကုန်မြို့၌ ဦးမောင်ရွှေ ဖုန်း-၀၉-၅၀၀၇၁၆၂၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၅၁၀၉၄၃၁၊ ဦးသောင်းတင် ဖုန်း-၀၁-၂၀၀၄၆၉ နှင့် ဦးဝင်းဇော်မိုး ဖုန်း-၀၉-၈၆၀၃၄၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိတ္ထီလာကန်သို့ ရေကူပေးနေသည့် ရေလှောင်တမံအစုအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဌေးဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

ထို့နောက် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာကန်သို့ ရေကူပေးနေသည့် ရေလှောင်တမံအစုအဖွဲ့မှ ညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက မိတ္ထီလာဒေသ မိုးရွာသွန်းမှုအခြေအနေ၊ ရေကူရေလှောင်တမံများအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ၊ ဆက်သွယ်ရေမြောင်းများ ထိန်းသိမ်းထားမှုနှင့် စိုက်ပျိုးရေ ပေးဝေမည့် လုပ်ငန်းအစီအမံတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာကန်သို့ ရေကူပေးနေသည့် ရေလှောင်တမံများဖြစ်သည့် ညောင်ကုန်း၊ လက်ခုပ်ပင်၊ လွန်ငင်နှင့် ချောင်းကောက် ရေလှောင်တမံတို့၏ တမံကြံ့ခိုင်မှုနှင့် ဆည်ရေဖြင့် စိုက်ပျိုးထားသော စပါးခင်းများနှင့် မိတ္ထီလာကန်သို့ ရေကူပေးနေသည့် ဆက်သွယ်ရေမြောင်းများ ထိန်းသိမ်းထားမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ချောင်းကောက်ဆည်၏ ပင်မတမံကြံ့ခိုင်မှု၊ ရေဝင်ရောက်မှု၊ ရေထိန်းမျှော်စင်၊ ရေပေးမြောင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ ယခုနှစ် ဒီဇင်ဘာ ဒုတိယပတ်အတွင်း ရွာသွန်းသောမိုးကြောင့် ဝင်ရောက်လာသော ရေများ သိုလှောင်ထားရှိမှု၊ မိတ္ထီလာကန်သို့ ဆက်သွယ်ရေမြောင်းများမှတစ်ဆင့် ရေပေးပို့မှု၊ နွေစပါး၊ ချည်မျှင်ရှည်ဝါများအတွက် စိုက်ပျိုးရေနှင့် လာမည့်မိုးစပါးအတွက် မြေပြင်မှုနှင့် ပျိုးထောင်ရေပေးဝေမည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာကန်သို့ ရေကူပေးနေသော ရေလှောင်တမံအစုအဖွဲ့မှ ညောင်ကုန်းရေလှောင်တမံမှာ ယခုနှစ်မိုးရာသီကုန်တွင် ရေဧကပေ ၂၉၆၀၊ လက်ခုပ်ပင်ဆည်မှာ ရေဧက ၇၇၉ ဧကပေ၊ လွန်ငင်ဆည်မှာ ရေဧက ၃၁၅ ဧကပေနှင့် ချောင်းကောက်ဆည်မှာ ရေဧကပေ ၁၂၂၀၀ တို့ကို သိုလှောင်ထားနိုင်သည်။ ချောင်းကောက်ဆည်တွင်း သိုလှောင်ထားသောရေမှ နွေစပါး ဧက ၇၀၀၊ ချည်မျှင်ရှည်ဝါ ဧက ၄၀၀၊ လာမည့်မိုးစပါးဧက ၃၀၀၀ မြေပြင်ခြင်း ပျိုးထောင်ခြင်းတို့အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ဒေသတွင်း သောက်သုံးရေနှင့် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးတင်မြင့်က ဆုရွေးချယ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "အေးချမ်းသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒုတိယဆုရ စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)နှင့်တတိယဆုရ ပြည်စိုးထွန်း (ပန်းချီ)တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က အထူးဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ပထမဆုရ ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရ စောအောင်မင်း A.M.P.S(နယူးအာရှဓာတ်ပုံ)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄:၂၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၉။ အင်္ဂလိပ်စာသုတ
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၄၆) ဇာတ်သိမ်း**
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
- ၆:၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၉)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ဟာသရုပ်စုံ -ထော်လော်ကန့်လန့် (ဝက်မ၊ မိုးတိမ်အဖွဲ့နှင့် စံလင်းအဖွဲ့) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
- ၂၃။ တစ်လအတွင်း အကြိုက်ဆုံး ဗီစီဒီတေးများ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၇)**
- ၂၆။ **Mini Series**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

စဉ့်ကူ အထက(ခွဲ) အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

ညောင်ဦးမြို့နယ် စဉ့်ကူ အထက(ခွဲ)၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၄ ခုနှစ် မှ ၂၀၁၀ ခုနှစ်အတွင်း အငြိမ်းစားယူသွားခဲ့ကြသည့် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးမြင့်လွင်၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မြန်မာ့မီးရထား ဖုန်း-၀၆၇-၇၇၀၂၈၊ ၀၆၇-၄၂၁၁၂၉၊ ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူ စိုးဝင်း) ဖုန်း-၀၁-၆၄၃၈၂၆၊ ဦးဝင်းလှိုင် ဖုန်း-၀၁-၅၈၁၆၇၆၊ ဒေါ်မြမြနွယ် (မန္တလေး) ဖုန်း-၀၂-၈၀၅၁၅၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၂-၅၄၇၀၇၊ ဦးမြင့်ဆွေ (စဉ့်ကူ) ဖုန်း-၀၉-၄၇၂၀၁၄၁၇နှင့် ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉-၂၀၄၃၃၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မထက်ဆုလင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီအောင် ဆောင်ရွက်လျက်ရှိ တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်၏ ထက်ဝက်ကျော်ကို ဆောင်ရွက်ပြီးဖြစ်

အနာဂတ်တွင် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး အဖွဲ့အစည်းဖြစ်လာမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားကာ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ၊ မြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူလေးများက ပြည်မြန်မာသီချင်းကို သံပြိုင်သီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာမှုနယ်ပယ်တွင် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့သို့ ယနေ့လူငယ်များသည် နောင်အနာဂတ်တွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်ပေးကြမည့် အားများပင်ဖြစ်ကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် ပြည့်ဝသည့်အားဖြစ်စေရန် အခြေခံအချက်(၂)ချက် လိုအပ်ကြောင်း၊ ယင်းတို့မှာ အရေအတွက်အားနှင့် အရည်အချင်းအားများပင် ဖြစ်ကြောင်း၊ အရေအတွက်ရှိသော်လည်း အရည်အချင်းမရှိခဲ့လျှင် အရည်အချင်းရှိသော်လည်း အရေအတွက်မရှိခဲ့လျှင် ပြည့်ဝသောအားများ ဖြစ်လာနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များသည် အရေအတွက်သာမက အရည်အချင်းပါ ပြည့်ဝစေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ထို့အတူ ယနေ့ခေတ်သည် ပညာနည်းပညာခေတ်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံသီးသီးသည် ပညာနည်းပညာကို စေစားအသုံးပြုပြီး ကုန်ထုတ်လုပ်ခြင်းအပါအဝင် အရာရာကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာနည်းပညာတွင် အခြားသော တိုင်းပြည်နှင့် လူမျိုးကိုမယှဉ်နိုင်ပါက မိမိတို့နစ်နာဆုံးရှုံးရမည်ဖြစ်ကြောင်း၊ သို့ပါ၍ လူငယ်လူရွယ်များအနေဖြင့် ပညာနည်းပညာတွင် မြင့်မားအောင်၊ အခြားနိုင်ငံများနှင့် ယှဉ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သို့သော် ပညာနည်းပညာ မည်သို့ပင်ထူးချွန်တတ်မြောက်သည်ဖြစ်စေ အခြေခံစိတ်ဓာတ်မကောင်းပါက တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်မပေးနိုင်ကြောင်း၊ တိုင်းပြည်အတွက် ပြည့်ဝသည့် အားမဖြစ်နိုင်ကြောင်း၊ တစ်ခါတစ်ရံ တိုင်းပြည်နှင့်လူမျိုးအကျိုးမပြုရုံသာမက အန္တရာယ်ပင်ဖြစ်စေတတ်ကြောင်း၊ သို့ပါ၍ အခြေခံစိတ်ဓာတ်ကောင်းအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံစိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်သည့်စိတ်ပင်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားသည် လူငယ်လူရွယ်များ ပညာနည်းပညာ မြင့်မားအောင်၊ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုပင် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤလုပ်ငန်းစဉ်ကြီးကို တစ်နိုင်ငံလုံးတွင် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဤလုပ်ငန်းစဉ်ကို စတင်လိုက်ခြင်းဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်၏အခြေခံဖြစ်သော ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ စာကြည့်တိုက်များ ထူထောင်ခြင်း၏ ငွေကြေးပမာဏစုစုပေါင်းမှာ ငွေကျပ် ၁၁ ဒသမ ၉ ဘီလီယံဖြစ်ကြောင်း၊ သို့သော် ထိုစာကြည့်တိုက်များမှာ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် အာမခံချက်မရှိသေးကြောင်း၊ သို့ဖြစ်၍ ကျေးရွာစာကြည့်တိုက်များကို စံ (၅)ချက်နှင့် ညီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်၏ ထက်ဝက်ကျော်ကို စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များအဖြစ် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်စာကြည့်တိုက်များအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ရာ အနာဂတ်တွင် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အဓိကအဖွဲ့အစည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်းရန်ပုံငွေ ပိုမိုတိုးတက်လာစေရေးအတွက်လည်း ပြည်သူကို အခြေခံသည့် ရန်ပုံငွေရှာနည်းစနစ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံးအနေဖြင့် အမျိုးသားရေးဖောင်ဒေးရှင်းအဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း အဖွဲ့ကြီးအနေဖြင့် ဆက်လက်၍ ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြှင့်ပြီး စွဲစွဲမြဲမြဲဖတ်ရှုသည့်အလေ့အကျင့် ရရှိလာစေရန် အတွက်သာမက ကျေးလက်ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကိုလည်း ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် စပ်လျဉ်း၍ အမှာစကားများပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပွဲတော်လှုပ်ရှားမှု မှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးဦးကျော်ဆန်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲမှ ပထမဆုရ မထက်ဆုလင်းနှင့် မရွှန်းလဲ့ရည်တို့က ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့မှုကို ပြန်လည်သရုပ်ပြသကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ဝန်ကြီး ဦးကျော်ဆန်းက မြို့နယ်အတွင်း စံ (၅)ချက်နှင့် ညီညွတ်သော ကျေးရွာစာကြည့်တိုက် သုံးတိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ SKY NET ရုပ်သံဖမ်းစက်တစ်စုံကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကျောင်းစာကြည့်တိုက် ငါးတိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် စာအုပ် စာစောင်များကို အလှူရှင်များဖြစ်ကြသော Eleven Media Group မန်နေဂျင်းဒါရိုက်တာနှင့် Eleven Trading မှ ဒါရိုက်တာ ဒေါက်တာသိန်းမြင့်က ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဗလာစာအုပ်များနှင့် ငွေကျပ် ငါးသိန်း တန်ဖိုးရှိ စာစောင်များ၊ 7 Day Media Group မှ အမှုဆောင် အယ်ဒီတာ ဒေါ်ငြိမ်းငြိမ်းနိုင်က ငွေကျပ် ၁၆၁၀၄၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ First Music Journal မှ အယ်ဒီတာချုပ် အောင်စိုးသူနှင့် ကြောင်နှစ်ကောင်စာပေမှ ထုတ်ဝေသူ ဦးမောင်မျိုးတို့က ငွေကျပ် ၄၀၀၀၀၀ စီ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ Ever Win Media Group မှ ထုတ်ဝေသူ ဒေါက်တာတင်အောင်ခိုင်က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ Asia Fame Media Group မှ အယ်ဒီတာချုပ် ဦးခင်မောင်အေးက ငွေကျပ် ၂၅၃၈၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ အင်အား Media Group မှ တာဝန်ခံ အယ်ဒီတာ ဦးကောင်းစံက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ကောင်းသန့်စာပေမှ ထုတ်ဝေသူ ဦးခင်မောင်ကြွယ်က ငွေကျပ် ၁၄၉၈၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ပန်းတိုင်စာပေမှ ဒေါ်နီနီခင်က ငွေကျပ် ၁၄၂၀၅၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ သီဟရတနာစာပေမှ မအိအိမြိုင်က ငွေကျပ် ၁၀၂၆၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူနှင့် အောင်မြင်စာပေမှ ထုတ်ဝေသူ ဦးအာကာအောင်တို့က ငွေကျပ် တစ်သိန်းစီတန်ဖိုးရှိ စာအုပ် စာစောင်များ၊ Envoy Journal မှ တာဝန်ခံအယ်ဒီတာ ဦးသိန်းအေးက အလှူရှင်များကိုယ်စား ငွေကျပ် ၁၂၇၈၇၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ပညာရွှေတောင်စာပေမှ ဦးကျော်မင်းထွဋ်က ငွေကျပ် ၂၂၆၅၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင်များက အလှူငွေစုစုပေါင်းငွေကျပ် ၈၇၁၆၃၅၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ၂၄ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၉ ကျောင်းသို့ ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

B.A(Law), LL.B 9th Batch ဆရာကန်တော့မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

၁၉၇၁ ခုနှစ်တွင် ဥပဒေ အဓိကဘာသာသို့ တက်ရောက်သင်ကြားခဲ့ကြသော B.A(Law), LL.B 9th Batch ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တက္ကသိုလ်သို့ တက်ရောက်ခြင်း အနှစ်(၄၀)ပြည့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက် နံနက် ၉ နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ ရွှေနေချုပ်ရုံးမှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများအနေဖြင့် ဦးအောင်သန်းမြင့် ဖုန်း-၀၉-၅၅၅၀၁၆၂၊ ဦးကိုနီ ဖုန်း-၀၉-၅၀၁၁၂၀၁၊ ဦးစိန်လှိုင် ဖုန်း-၀၉-၅၁၀၇၇၅၇ နှင့် ကမ္ဘောဇဘဏ် ရွှေဂုံတိုင်ဘဏ်ခွဲ ငွေစာရင်းအမှတ်-၀၀၇ ၁၂၂၀၀၂၆၈၇၉၊ ဒေါ်ခင်မာမင်း၊ ဒေါ်နန်းခင်လတ်၊ ဦးကိုနီတို့၏ ပူးတွဲငွေစာရင်းသို့လည်း တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးများ တင်ဆက်ကပြမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့သဘင်လောကတွင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားခဲ့ကြသော ပညာရှင်ကြီးများကို ပြန်လည်အမှတ်ရ ဂုဏ်ပြုခြင်းအားဖြင့် လည်းကောင်း၊ နောင်လာနောက်သား သဘင်အနုပညာရှင်များအား မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေကို လက်ဆင့်ကမ်းရန်အတွက် လည်းကောင်း၊ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ “မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း”နှင့် ရွှေကျီးညို၊ ပဲခူးမြတို့၏ “သဒ္ဒါသုမနဇာတ်တော်ကြီး”တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရှိ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မင်းသားဉာဏ်ဝင်း၊ မင်းသားသူရဝင်း၊ မင်းသမီးမြင့်မြင့်ကြည်၊ မင်းသမီးခိုင်သဇင်သင်းတို့နှင့် အတူ ဝါရင့်အနုပညာရှင်များက မူရင်းဇာတ်၏ ဇာတ်စာ၊ ဇာတ်စကား၊ ငိုချင်းများအတိုင်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ညစဉ် ၇ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ထိုင်ခုံလက်မှတ်များကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်နှင့် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ပန်းချီ ပန်းပုပြခန်း(ယခင် ပန်းချီ ပန်းပုကျောင်းဟောင်း)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါလက်စတိုင်းကို ခွဲခြားဆက်ဆံနေသည်ဟူသော လူ့အခွင့်အရေးအဖွဲ့၏ စွပ်စွဲချက် အစ္စရေးပယ်ချ

ဂျေရုဆလင် ဒီဇင်ဘာ ၂၀ - အစ္စရေးတို့ သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသမှ ပါလက်စတိုင်းတို့သည် အခြေခံကျသော လူမှုရေးရပိုင်ခွင့်များကင်းမဲ့လျက်ရှိပြီး အစ္စရေးနိုင်ငံ၏ ခွဲခြားဆက်ဆံရေးမူဝါဒအရ ၎င်းတို့နေထိုင်ရာနေရာများမှ အဓမ္မရွှေ့ပြောင်းခံနေရကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ဒီဇင်ဘာ ၁၉ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့များ၏ ဖျက်ဆီးမှုကြောင့် နေအိမ်များ ပျက်စီးခဲ့ရသော အနောက်ဘက်ကမ်းဒေသမှ ပါလက်စတိုင်းမိသားစု။

အမေရိကန်ပြည်ထောင်စုအနေဖြင့် အစ္စရေးနိုင်ငံအား နှစ်စဉ်ပေးအပ်လျက်ရှိသော အကူအညီများကို ရုပ်သိမ်းခြင်းဖြင့် အစ္စရေးကို အပြစ်ပေးရန် ယင်းအဖွဲ့က တောင်းဆိုခဲ့ကြောင်းသတင်းများတွင် ဖော်ပြသည်။

အစ္စရေးတို့၏ စနစ်တကျ လူမျိုးရေးခွဲခြားမှုဒဏ်ကို ပါလက်စတိုင်းဒေသသားများ ရင်ဆိုင်နေရပြီး လျှပ်စစ်ဓာတ်အား၊သောက်သုံးရေ၊စာသင်ကျောင်းနှင့် လမ်းများကဲ့သို့သော အခြေခံလူမှုရေး လိုအပ်ချက်များလည်း ဖြတ်တောက်ခံနေရကြောင်း ဝါရှင်တန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ကိုယ့်သိက္ခာ ကိုယ်ချ

သို့ရာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာသည် တစ်ဖက်စောင်းနင်း ဖော်ပြထားသော အစီရင်ခံစာဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ ယင်းအဖွဲ့သည် အစ္စရေးဆန့်ကျင်ရေးဝါဒဖြန့်ချက်များကို ခွင့်ပြုနေခြင်းဖြင့် ကိုယ့်သိက္ခာကိုယ်ချနေကြောင်း အစ္စရေးအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစ္စရေးအစိုးရအဖွဲ့သည် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ အားလုံးအတွက် အကျိုးရှိစေမည့် လမ်းကြောင်းကို ဖော်ဆောင်လျက်ရှိကြောင်း ၎င်းကဆိုသည်။

အေအက်ဖ်ပီ။

ရုရှားသမ္မတ မက်ဗီဒက်ဗ် အိန္ဒိယနိုင်ငံသို့သွားရောက်မည်

နယူးဒေလီ ဒီဇင်ဘာ ၂၀

ရုရှားနိုင်ငံ သမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ် (ယာပုံ) **သည် ယခုသီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ရက် သတင်းများတွင် ဖော်ပြထားသည်။**

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာပြီဖြစ်သော အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ယင်းနိုင်ငံသို့ ဆက်တိုက်ဆိုသလို သွားရောက်ခဲ့ကြသော ကမ္ဘာ့ခေါင်းဆောင်များထဲ၌ ရုရှားသမ္မတလည်း ပါဝင်လာပြီဖြစ်သည်။

သဘောတူစာချုပ်

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခုကို ရုရှားနိုင်ငံက တည်ဆောက်ပေးရန်အပါအဝင် သဘောတူစာချုပ်အများအပြားကို ရုရှားသမ္မတမက်ဗီဒက်ဗ်၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ရန် နှစ်နိုင်ငံလုံးက မျှော်လင့်ထားသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲလာစေရန်အတွက် ရုရှားသမ္မတမက်ဗီဒက်ဗ်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က ဆွေးနွေးကြမည်ဟု မျှော်လင့်ရကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၁၉ရက်တွင် ပြောကြားသည်။

ရုရှားသမ္မတ မက်ဗီဒက်ဗ်သည် ၎င်း၏ နှစ်ရက်တာ အိန္ဒိယခရီးစဉ်ကို ဒီဇင်ဘာ ၂၁ရက်တွင် စတင်မည်ဖြစ်သည်။ **အေပီ။**

ဗြိတိန်တွင် အကြမ်းဖက်သမား ၁၂ ဦးကို ဖမ်းဆီး

လန်ဒန် ဒီဇင်ဘာ ၂၀

အားလပ်ရက်ရာသီကာလတွင် အကြမ်းဖက်တိုက်ခိုက်မည်ကို စိုးရိမ်စိတ်ပွားနေသည့် ပြည်သူများအား ကာကွယ်ရန် တနင်္လာနေ့နံနက်စောစောပိုင်းက မြို့ကြီးသုံးမြို့၌ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ အကြမ်းဖက်သမားဟုယူဆရသူ ၁၂ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဗြိတိန်အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးရဲတပ်ဖွဲ့က ကြေညာသည်။

အဆိုပါ အကြမ်းဖက်သမားများဟု သံသယရှိသူများကို လန်ဒန်မြို့၊ အင်္ဂလန် အလယ်ပိုင်းမြို့တော် စတုတ်အွန်ထရင့်နှင့် ဝေလနယ်မှကာဒစ်ဖ်မြို့များတွင် ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ပြောကြားသည်။

ရက်သတ္တပတ်ပေါင်းများစွာ အချိန်ယူထောက်လှမ်းပြီးမှ ၎င်းတို့ကို ဖမ်းဆီးခြင်းဖြစ်ပြီး ဆွီဒင်နိုင်ငံတွင် မကြာမီက ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုသည်လည်းကောင်း၊ ဥရောပတွင် အကြမ်းဖက်တိုက်ခိုက်မည့် အစီအမံများသည်လည်းကောင်း ၎င်းတို့နှင့် ဆက်စပ်မှုမရှိကြောင်း ယုံကြည်ရသည်။

ဖမ်းဆီးခဲ့သော အကြမ်းဖက်သမားများဟု ယူဆရသူများမှာ ကာဒစ်ဖ်မြို့မှ ငါးဦး၊ စတုတ်အွန်ထရင့်မှ လေးဦးနှင့် လန်ဒန်မှ သုံးဦးတို့ဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။ **အေပီ။**

ခရစ္စမတ်ကာလအကြို ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်သူ လစ်ဗျားနိုင်ငံသားသုံးဦး အီရတ်အထူးတပ်ဖွဲ့ဝင်များ သုတ်သင်

ကာကွတ် ဒီဇင်ဘာ ၂၀

အီရတ်စစ်ဘက် အထူးတပ်ဖွဲ့ဝင်များသည် တနင်္လာနေ့က မိုဆူးလ်မြို့တွင် စီးနင်းတိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ ခရစ္စမတ်အကြိုကာလ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်နေသည်ဟု ယူဆရသော လစ်ဗျားနိုင်ငံသားသုံးဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိုဆူးလ်မြို့ တောင်ပိုင်းရှိ လူနေအိမ်တစ်လုံးတွင် အီရတ်တပ်ဖွဲ့ဝင်များက စီးနင်းခဲ့ရာတွင် လက်ပစ်ဗုံးများဖြင့် ဆီးကြိုတိုက်ခိုက်ခံရပြီးနောက် အကြမ်းဖက်သမားသုံးဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာမှ အသေခံဗုံးဖောက်ခွဲဝတ်စုံ သုံးစုံ၊ လက်ပစ်ဗုံးခြောက်လုံး၊ ပစ္စတိုတစ်လက်နှင့် အဆိုပါ အကြမ်းဖက်သမားများသည် အီရတ်နိုင်ငံအတွင်းသို့ သီတင်းပတ်ကုန်ရက်များအတွင်း ဝင်ရောက်လာကြောင်း ပြဆိုနေသည့် အထောက်အထားများကို တွေ့ရှိခဲ့ရသည်။ အဆိုပါ လစ်ဗျားနိုင်ငံသား သုံးဦးသည် ခရစ္စမတ်ကာလမတိုင်မီ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်နေကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိုဆူးလ်မြို့နှင့် နင်နီးဗားပြည်နယ်တို့သည် အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ အများဆုံးဖြစ်ပွားရာ ဒေသများဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်များ အများဆုံးနေထိုင်ရာ ဒေသလည်းဖြစ်သည်။

အေအက်ဖ်ပီ။

ဒတ်ချ်ဆယ်ကျော်သက်အမျိုးသမီးငယ် ကမ္ဘာတစ်ပတ်ရွက်လွှင့်ခရီးစဉ် ပထမဆုံးအဆင့်ကို ကျော်ဖြတ်နိုင်

ဖိလစ္စဘတ် ဒီဇင်ဘာ ၂၀

အသက် (၁၅) နှစ်အရွယ် ဒတ်ချ်နိုင်ငံသူ လော်ရာဒက်ကားသည် ၎င်း၏တစ်ကိုယ်တော် ကမ္ဘာတစ်ပတ်ရွက်လွှင့်ခရီးစဉ်၏ အရှည်လျားဆုံးခရီးလမ်းပိုင်းဖြစ်သော အတ္တလန္တိတ်သမုဒ္ဒရာဖြတ်ခရီးစဉ်ကို ဒီဇင်ဘာ ၁၉ ရက်က အောင်မြင်စွာအဆုံးသတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာတစ်ပတ် တစ်ကိုယ်တော် ရွက်လွှင့်ခရီးနှင်နိုင်သည့် အသက်အငယ်ဆုံး ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းဝင်နိုင်ရန် ရည်မှန်းထားသော လော်ရာဒက်ကားသည် ရေမိုင် ၂၂၀၀ ကို ဖြတ်သန်းခဲ့ပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

ဒတ်ချ်ဆယ်ကျော်သက်လော်ရာဒက်ကားသည် အလျား ၃၈ ပေရှိ ဂေ့ါပီအမည်ရှိသော ရွက်လှေဖြင့် ၎င်း၏ ကမ္ဘာတစ်ပတ်ခရီးစဉ်ကို ဩဂုတ် ၂၁ ရက်တွင် ဂျီဘရော်လ်တာရေလက်ကြားမှ စတင်ခဲ့သည်။

ယင်းနောက် ကနေရီကျွန်းစု၌ နှစ်လကြာမျှ ဆိုင်ကလုန်းမုန်တိုင်းရာသီအကုန်ကို စောင့်ဆိုင်းခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် အနောက်အာဖရိကကမ်းလွန်ရှိ ကိတ်ဗာဒေးကျွန်းစုမှ ရွက်လွှင့်ခရီးပြန်လည်စတင်ခဲ့ကာ ရက်သတ္တသုံးပတ်ကြာမျှ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်း၍ ကာရစ်ဘီယံကျွန်းစု အရှေ့မြောက်ပိုင်း စိန့်မာတင်ကျွန်းသို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။

လူငယ်များ အန္တရာယ်ကြီးမားသော စွန့်စားမှုကို မလုပ်ဆောင်နိုင်စေရန် ဂင်းနစ်အဖွဲ့နှင့် ကမ္ဘာ့ရွက်လွှင့်အမြန်နှုန်းမှတ်တမ်းကောင်စီတို့က အသက်ငယ်ဆုံး ရွက်လွှင့်သမားများ၏ စံချိန်မှတ်တမ်းကို အသိအမှတ်ပြုမည် မဟုတ်သောကြောင့် လော်ရာဒက်ကားအနေဖြင့် ကမ္ဘာတစ်ပတ် ပတ်နိုင်ပါကလည်း ၎င်း၏ စံချိန်သည် တရားဝင်နိုင်ဖွယ်မရှိပေ။ **အေပီ။**

တင့်ကားဖျက်လက်နက် ကာကွယ်ရေးစနစ်များတပ်ဆင်ထားသော တင့်ကားများ ဂါဇာနယ်စပ်၌ အစ္စရေးဖြန့်ကြက်မည်

ဂျေရုဆလင် ဒီဇင်ဘာ ၂၀ - တင့်ကားဖျက်လက်နက်ကာကွယ်ရေးစနစ်တပ်ဆင်ထားသော တင့်ကားများကို ဂါဇာကမ်းမြောင်ဒေသနယ်စပ်တစ်လျှောက်တွင် စတင်ဖြန့်ကြက်ထားရန် အစ္စရေးကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့(အိုင်ဒီအက်ဖ်)က ဒီဇင်ဘာ ၁၉ရက်က ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ဂါဇာကမ်းမြောင်ဒေသမှ တင့်ကားဖျက်ဒုံးကျည်များအန္တရာယ်သည် ပိုမိုမြင့်တက်လာကြောင်း ထောက်လှမ်းရေးသတင်းများ ရရှိခဲ့ပြီးနောက် လာမည့်လ၌ ကာကွယ်ရေးစနစ်တပ်ဆင်ထားသောတင့်ကားများကို အစ္စရေးနိုင်ငံက စတင်ဖြန့်ကြက်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ် နှစ်ပတ်က ဂါဇာကမ်းမြောင်နှင့် အစ္စရေးနိုင်ငံအကြား နယ်စပ်မြောက်ဘက်၌ အစ္စရေးတင့်ကားတစ်စီး တင့်ကားဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းကြောင့် ယာဉ်မှာပျက်စီးခဲ့ရသော်လည်း တင့်ကားတပ်ဖွဲ့ဝင်မှာ ကံကောင်းထောက်မစွာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

ဂါဇာနယ်စပ်တစ်လျှောက်တွင် ဖြန့်ကြက်မည့် အစ္စရေးတင့်ကားများ၌ အစ္စရေးနိုင်ငံ၏ ရာဖေးလ်ကုမ္ပဏီထုတ် ထရိုဖီတင့်ကားဖျက် ဒုံးကျည်ကာကွယ်ရေးစနစ်ကို တပ်ဆင်သွားမည်ဖြစ်သည်။ ထရိုဖီတင့်ကားဖျက်ဒုံးကျည်ကာကွယ်ရေးစနစ်သည် အဆင့်မြင့်နည်းပညာသုံး တင့်ကားဖျက်ဒုံးကျည်များကို အကွာအဝေးအမျိုးမျိုးမှ ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။

၂၀၀၆ခုနှစ် လက်ဘနွန်စစ်ပွဲကာလအတွင်း ဟစ်ဇ်ဘိုလာများပစ်ခတ်ခဲ့သော တင့်ကားဖျက်ဒုံးကျည်များကြောင့် အစ္စရေးတင့်ကားအတော်များများ ထိခိုက်မှုဖြစ်ခဲ့ရပြီးနောက် ထရိုဖီတင့်ကားဖျက်ဒုံးကျည်ကာကွယ်ရေးစနစ်ကို အသုံးပြုရန် အိုင်ဒီအက်ဖ်က ဆုံးဖြတ်ခဲ့သည်။

အင်တာနက်။

မက္ကဆီကိုနိုင်ငံ၌ ရေနံပိုက်လိုင်းပွင့်ပေါက်ရာမှ မီးလောင်ပေါက်ကွဲမှုဖြစ်၍ ၂၈ဦး သေဆုံး

မက္ကဆီကို ဒီဇင်ဘာ ၂၀ - မက္ကဆီကိုနိုင်ငံ ပွာဘလာပြည်နယ် ဆန်မာတင်တက်စ်မေလူတန်မြို့၌ ဒီဇင်ဘာ ၁၉ ရက်က ရေနံပိုက်လိုင်းခိုးဖောက်မှုများကြောင့် အစပြုသည်ဟု ယူဆရသော မီးလောင်ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၈ ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရေနံပိုက်လိုင်း ပွင့်ပေါက်မှုကြောင့် ယိုဖိတ်ထွက်လာသော လောင်စာဆီများပေါက်ကွဲ မီးလောင်၍ ဆန်မာတင်တက်စ်မေလူတန်မြို့ငယ်တွင်းရှိ လူနေအိမ်များနှင့် မော်တော်ယာဉ်များမီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

မြို့တွင်းလမ်းများစွာအတွင်း ယိုဖိတ်ထွက်လာသော လောင်စာဆီများ စီးဝင်ခဲ့ရာ မီးလောင်ကျွမ်းမှုစတင်သည်နှင့် တစ်ပြိုင်နက် မီးပင်လယ်ကြီးအသွင် ဖြစ်ခဲ့ရကြောင်း ပွာဘလာပြည်နယ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ပေါက်ကွဲမှုသည် လောင်စာဆီခိုးယူမှုများကြောင့် ဖြစ်ပွားနိုင်ဖွယ်ရှိပြီး မီးသတ်သမားများက မီးလောင်ကျွမ်းမှုကို အလျင်အမြန်ထိန်းချုပ်နိုင်ခဲ့ကြောင်း အဆိုပါ ရေနံပိုက်လိုင်းကို စီမံခန့်ခွဲသော ပီးမက်စ်ရေနံကုမ္ပဏီက ပြောကြားသည်။

ပီးမက်စ်ရေနံကုမ္ပဏီ၏ ရေနံပိုက်လိုင်းကွန်ရက်၌ ပိုက်လိုင်းဖွင့်ဖောက်၍ လောင်စာဆီခိုးယူမှုများ နေရာအနှံ့ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း လောင်စာဆီခိုးယူမှုများကြောင့် အမေရိကန်ဒေါ်လာ သန်းရာပေါင်းများစွာ ဆုံးရှုံးနစ်နာခဲ့ရကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။

ရေနံပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူများထဲတွင် ကလေး ၁၃ ဦး ပါဝင်၍ ၅၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။



ရေနံပိုက်လိုင်း ပွင့်ပေါက်ရာမှ အစပြု၍ မြို့လုံးကျွတ်နီးပါး မီးလောင်ကျွမ်းခဲ့ရသော မက္ကဆီကိုနိုင်ငံ ဆန်မာတင်တက်စ်မေလူတန်မြို့ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၌ ကျင်းပသည်။

အဆိုပါ အသင်းသားစုံညီ အစည်းအဝေးသို့ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယကများဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟို အလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနာယက ဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတေဇနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို ကျင်းပရာ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ဘိုခန့်က မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ၂၀၀၉-၂၀၁၀ ခုနှစ် အတွက် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို လည်းကောင်း၊ စာရင်းစစ် ဒေါ်ဌေးဌေးကြည်က နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက် ရယူကြသည်။

ထို့နောက် အသင်းသားများက အသင်းဖွဲ့ စည်းမျဉ်းပြင်ဆင်ခြင်း ကိစ္စရပ်များကို အဆိုပြုခြင်း၊ ထောက်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး ၂၀၀၉-၂၀၁၀ ခုနှစ် အသင်းဗဟိုအလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် အသင်းနာယကအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့စာရင်းကို ကြေညာပြီး အတည်ပြုချက်ရယူကာ အသင်းဥက္ကဋ္ဌသစ် ဦးတေဇက နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌသစ် ဦးတေဇ နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချနည်းစနစ် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

WISE International School for Executives က (Certificate in Operations Management) လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချ နည်းစနစ် သင်တန်းကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့)တွင် ထပ်မံဖွင့်လှစ်မည် ဖြစ်သည်။ အဆိုပါ သင်တန်းသည် မည်သည့် စီးပွားရေးလုပ်ငန်းခွင်နှင့် သာမက ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း အားလုံးနှင့် သက်ဆိုင်သော လုပ်ငန်းခွင် စီမံကွပ်ကဲမှု နည်းစနစ်များကိုပါ လက်တွေ့ စီမံလုပ်ကိုင်တတ်စေရန်၊ စက်မှုလက်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု မည်သည့် လုပ်ငန်းမဆို အသေးစိတ် စီမံခန့်ခွဲမှုအပြင် Project Planning များ၊ Stretegic Planning များ ကောင်းစွာ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ လက်တွေ့ လုပ်ငန်းခွင်နှင့် သင်ကြားမှုအတွေ့အကြုံရင့် ဝါရင့်ဆရာကြီးက သင်ကြား ဆွေးနွေးသွားမည် ဖြစ်သည်။

သင်တန်းတွင် Operations and Process, Decisions in OM, Operations Strategy, Product Planning & Design, Process Planning & Design, OM Techniques, Managing Quality နှင့် Managing Performance တို့ကို သင်ကြားပေးမည်ဖြစ်ပြီး TQM, SCM, JIT, TPM, MRP, ERP စသည့် စီမံကွပ်ကဲသော နည်းစနစ်ကောင်းများကို ကောင်းစွာ လက်တွေ့အသုံးချစီမံခန့်ခွဲနိုင်၍ Business Owner, Executives, Admin Manager, HR Manager, BDM, Marketing Manager, ProjectManager များ အထူးတက်ရောက်သင့်သည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်၍ Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့၍ ခံစားခွင့်ပေးကာ ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည် ဖြစ်သည်။ စိတ်ပါဝင်စားသူများ၊ တက်ရောက်လိုသူများနှင့် Member အသင်းဝင်လိုသူများသည် WISE International School for Executives အခန်းအမှတ်(၁၀၀၉) (၁၀) ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂တို့သို့ ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် လစဉ်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးညှိုမြို့ အထက အာစရိယ ပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မိုးညှိုမြို့(အထက) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ် မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အချိန်မီ ကြွရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးအုန်းဟန် ဖုန်း- ၀၉-၅၁၃၇၂၂၅၊ ဦးကျော်စိုး ဖုန်း-၀၁-၇၃၁၀၄၈၀၀၊ ဦးကင်းမိန် ဖုန်း-၀၁-၇၀ ၅၄၂၇၊ ဦးအုန်းသော် ဖုန်း-၀၁-၅၆၅၆၆၈၊ ဦးလှသန်း ဖုန်း-၀၁-၅၈၄၃၉၀၊ ဦးသန်းလှိုင် ဖုန်း-၀၉-၅၁၅၂၂၅၈၊ ဦးစိုးတင့်(သာယာဝတီ)ဖုန်း-၀၅၅-၃၁၁၆၄နှင့် ဦးတင်အောင်ခိုင်(မန္တလေး)ဖုန်း-၀၉-၂၀၀၀၃၄၀တို့သို့ အချိန်မီဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (ကြေးမုံ)

မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ထန်တလန် ဒီဇင်ဘာ ၂၀

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့သာယာလှပရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြို့အဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှပြုလုပ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေအုပ်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာ့ရေနံလုပ်ကွက်သစ်များကို မလေးရှားကုမ္ပဏီများ စိတ်ဝင်စား၊ လူ ၉၀၀ ကျော်ပါဝင်သော အပျော်စီးသင်္ဘောကြီး ရှေ့လ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည်၊ တရုတ်နိုင်ငံမှ ကားထုတ်လုပ်ငန်းများ မြန်မာနိုင်ငံတွင် အကျိုးတူပူးပေါင်းရန် စိတ်ဝင်စား၊ ဂျပန်အပါအဝင် အာရှနိုင်ငံများတွင် ပညာရှင်အဖြစ် ရပ်တည်နိုင်မည့် IT စာမေးပွဲ ပြည်တွင်း၌ ဖြေဆိုနိုင်မည်၊ ကမ္ဘာ့စံချိန်မှတ်တမ်းဝင် မင်းကွန်းဆရာတော်ကြီး၏ သက်တော် ၁၀၀ ပြည့်ပွဲတော်ကြီး ကျင်းပမည်၊ VOIP ဖုန်းများ တစ်မြို့မှ တစ်မြို့သို့ ရွှေ့ပြောင်းနိုင်သော ကြိုးဖုန်းဖြစ်လာမည်၊ ဆေးလိပ်ဖြတ်လိုသူများအတွက် အန္တရာယ်ကင်းသည့် အီလက်ထရွန်နစ်စီးကရက်များ ဈေးကွက်တွင်းရောက်ရှိ၊ မြန်မာ-တရုတ်ကုန်သွယ်မှုပမာဏ ယခုနှစ်တွင် ၅၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့၊ ယုဇနပလာဇာ ဒုတိယထပ်ကားပါကင်နေရာတွင် ဆိုင်ခန်းများ ငှားရမ်းပေးနေ၊ ဒုတိယအကြိမ်အမြွာပူးများ တွေ့ဆုံပွဲ၌ အမြွာပူးအတွဲ ၈၀၀ ခန့် တက်ရောက်ဖွယ်ရှိ၊ ရန်ကုန်မြို့တွင် တစ်ရက်တည်း လေးကြိမ်နှင့် တစ်ပတ်အတွင်း ငါးကြိမ် မီးလောင်မှုဖြစ်ပွားခဲ့၊ သီရိမင်္ဂလာဈေးမှ ဆိုင်ခန်းများ ဈေးသစ်သို့ ပြောင်းရွှေ့နေကြ၊ ဟိုချီမင်းမြို့ စစ်ပြတိုက်ကြီးတွင် လေ့လာခဲ့စဉ်၊ အမေရိကန်မှ ထိပ်တန်းခေါင်းဆောင်တစ်ဦး မြောက်ကိုရီးယားသို့ ရောက်ရှိ၊ ခရစ္စမတ်ကာလအတွင်း အယ်လ်ကေးဒါးတို့က ဥရောပနှင့် အမေရိကန်တို့တွင် အသေခံတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဟုဆို၊ မိုင် ၁၀၀ အကွာမှ ရန်သူကို ချေမှုန်းနိုင်ပြီး အသံထက်ရှစ်ဆမြန်သော ကျည်ဆန်များကို စမ်းသပ်ပစ်ခတ်ပြ၊ တစ်နေ့အတွင်း ဆီးနှင်း လက်မ ၂၀ ကျဆင်းမှုကြောင့် အားကစားရုံအမိုးကြီး ပြိုကျ၊ ရုရှားဝန်ကြီးချုပ်ပူတင် အဆိုတော်အဖြစ်ဖျော်ဖြေ၊ ခန္ဓာကိုယ်လှူဒါန်းသူတစ်ဦးကြောင့် လူလေးဦးအသက်ရှင်ခွင့်ရရှိခဲ့၊ သွေးမျက်ရည် ငိုချသည့် လူငယ်ကို ရုပ်မြင်သံကြားမှ ပြသ၊ မက္ကဆီကိုတွင် အကျဉ်းထောင်ဖောက်၍ အကျဉ်းသား ၁၄၁ ဦး လွတ်မြောက်သွား၊ ယခုနှစ်အတွင်း တရုတ်၌ ပန်းကန်ပြားပျံများကို တွေ့မြင်ခဲ့ရသည့် ထိပ်တန်းဖြစ်ရပ် ၁၀ ခု၊ ရုရှားနိုင်ငံက ကမ္ဘာ့ပထမဆုံး နျူကလီးယားလောင်စာဘဏ်ကို ဖွင့်လှစ်၊ ယူကရိန်းပါလီမန်အတွင်း ခိုက်ရန်ဖြစ်ပွားပြီး လွှတ်တော်အမတ်များ ကုလားထိုင်များဖြင့် ပစ်ပေါက်ကြရာ ခြောက်ဦးဆေးရုံတင်လိုက်ရ. . ." စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၂-၂၀၁၀ (အင်္ဂါနေ့)
[၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်နေ့(ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၁၀။ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၂၅ ၉။ "ကြယ်စင်ဥယျာဉ်"
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၈)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ရယ်စရာဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၇)**
၂၀။ "ရုပ်ရှင်ပဟေဠိ"
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောက်ပိုမှီ၏

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်မည့် အနုပညာရှင်များနှင့်တွေ့ဆုံပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း " တုနှိုင်းမဲ့သစ္စာ"တွင် ပါဝင်သရုပ်ဆောင်ကြမည့် အနုပညာရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ မြဝတီစာပေတိုက်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစီအစဉ်အရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းညွှန်ကြားရေးမှူးတို့က ရိုက်ကူးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိတ်ဆက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဇာတ်လမ်းနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး သရုပ်ဆောင်များကိုယ်စား အမျိုးသားသရုပ်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် "တုနှိုင်းမဲ့သစ္စာ"တွင် ပါဝင်သရုပ်ဆောင်ကြမည့် အနုပညာရှင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသက်ရှည်တဲ့ဆေး

▲ ဆောင်းလရာသီ ဒီဇင်ဘာ
လေပြည်ညင်းလို့ နှင်းငွေ့ဖြာ၊
သာယာလှတဲ့ နံနက်ခင်း
လမ်းလျှောက်ကြစို့ သူငယ်ချင်း။
▲ ဖော်တစ်သင်းတို့ စုံတညီ
ကိုယ်လက်လှုပ်ရှား ကစားမည်၊
စိတ်ကြည်လင်လို့ ကိုယ်လည်းလန်း
သွေးပူလေ့ကျင့်ခန်း။
▲ ခန္ဓာသန်စွမ်း ကြံ့ခိုင်ကာ
သွက်လက်ဖျတ်လတ်လာ၊
ကျန်းကျန်းမာမာ ရောဂါဝေး
အမောပြေလို့ ရင်ထဲအေး။
▲ ကိုယ်လက်လှုပ်ရှား ကစားပေး
သက်လုံကောင်းတယ်လေး။
▲ နေ့စဉ်နံနက် လမ်းလျှောက်ပေး
အသက်ရှည်တဲ့ဆေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရန်ရှောင်ရန်အချက်များကို အလေးထားလိုက်နာ

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဒေသအချို့၌ မီးလောင်ကျွမ်းမှုသတင်းများကို မကြာမကြာ ကြားသိနေရသည့်အတွက် နိုင်ငံတစ်ဝန်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များကို ပြည်သူများ သိရှိနိုင်စေရန်အတွက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

သတင်း
ကျော်ဇေယျာမြင့်
ဓာတ်ပုံ-(မီးသတ်ဦးစီး)

မီးသတ်ဦးစီးဌာန(ရုံးချုပ်)လက်ထောက်ညွှန်ကြားရေးမှူး ရဲကျော်သူတင်အေးက "ယခုလို မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် မီဒီယာအပိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တဲ့အတွက် များစွာအကျိုးကျေးဇူးရှိကြောင်း၊ မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားရန် လေ၊ အောက်ဆီဂျင်၊ အပူရှိန်နှင့် လောင်စာစသည့် သုံးမျိုးလိုအပ်ကြောင်း၊ ဒါ့ကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီဆိုလျှင် အဲဒီသုံးမျိုးထဲက တစ်ခုခုကို အမြန်ဆုံးဖယ်ရှားပစ်ဖို့ လိုအပ်တယ်ဆိုတာ ပြည်သူတွေကိုသိစေလိုကြောင်း"ဖြင့် ဦးစွာရှင်းပြသည်။

ထို့နောက် မီးလောင်မှုမဖြစ်ပွားအောင် မီးသတ်ဦးစီးဌာန၏ ပညာပေးစည်းရုံး ဆောင်ရွက်ထားမှုများကို မေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူးက "ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မီးလောင်မှုအဖြစ်နိုင်ဆုံး ပထမဦးစားပေး စက်ရုံ၊ အလုပ်ရုံ ၉၁ ရုံကို လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်တဲ့ အဖွဲ့ငါးဖွဲ့က စစ်ဆေးကြပ်မတ် ပညာပေးလျက်ရှိပါတယ်။ အဲဒီနောက်မှာ မီးလောင်မှုအဖြစ်နိုင်ဆုံး ဒုတိယဦးစားပေးစက်ရုံ၊ အလုပ်ရုံ ၆၁ ရုံကို စစ်ဆေးပညာပေးသွားဖို့ရှိပါတယ်။ ဈေးနဲ့ ရပ်ကွက်များကို သက်ဆိုင်ရာ သန္ဓေမီးသတ်တပ်ဖွဲ့နဲ့ အရန်မီးသတ်တပ်ဖွဲ့များက စစ်ဆေးပညာပေး ဇာတ်တိုက်လေ့ကျင့်ပေးလျက်ရှိပါတယ်။ အခြေခံပညာကျောင်းများမှာလည်း မီးဘေးအန္တရာယ်ရဲ့ ဆိုးကျိုးအနိဋ္ဌာရုံများနဲ့ မီးသုံးစွဲမှုဆင်ခြင်သတိရှိနိုင်ရန် Power Point, Projector များဖြင့်ပါ ပညာပေးစည်းရုံးလျက်ရှိပါတယ်။ ကျောင်းများမှာ ယခုလို ဆောင်ရွက်ရခြင်းဟာ ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိဘများဆီ တိုက်ရိုက်အသိရောက်ရှိစေဖို့ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာလည်း မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရန် ပညာပေးစည်းရုံး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတစ်ဝန်း လောင်ကျွမ်းရသည့် မီးလောင်မှုများမှာ ပေါ့ဆမီးကြောင့် လောင်ကျွမ်းမှု အများဆုံးဖြစ်သည်ကို သိရှိရသည်။ ယခု ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မီးလောင်မှု (၈၅၆) ကြိမ်တွင် ပေါ့ဆမီးကြောင့် မီးလောင်မှု (၄၂၂) ကြိမ် ပါဝင်ခဲ့သည်။ ဒုတိယနှင့် တတိယမီးလောင်မှုအများဆုံးမှာ မီးဖိုမီးနှင့် လျှပ်စစ်ဝါယာရှော့မီးများဖြစ်ကြောင်း သိရှိရသည်။

မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍မေးမြန်းမှုကို "အနီးဆုံးမီးသတ်စခန်းအား အမြန်ဆုံးအကြောင်းကြားရန်၊ မီးသတ်ယာဉ်များ မရောက်မီ မီးပြန့်ပွားမှုမရှိအောင် ရေအိတ်၊ သဲအိတ်များဖြင့် ထိန်းသိမ်းငြိမ်းသတ်ထားရန်၊ မီးသတ်ယာဉ်များ လမ်းပိတ်ဆို့မှု မရှိစေရေး ဆောင်ရွက်ရန်၊ လွင့်ပျံ့နေသော မီးများကို ရေပက်ဖျန်းငြိမ်းသတ်ပေးရန်၊ နှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန်တို့ဖြစ်ပြီး ပြည်သူများက မီးသတ်တပ်ဖွဲ့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်"ဟု ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှု အရေးကြီးပုံကို တာဝန်ရှိသူများက ရှင်းပြသည်။

ရန်ကုန်မြို့ မင်္ဂလာဈေး မီးလောင်စဉ်က မီးသတ်တပ်ဖွဲ့ဝင်များ သက်စွန့်ဆံဖျား မီးငြိမ်းသတ်စဉ်။

"မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်"ဟူသည့် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ချမှတ်ထားသည့် နည်းဗျူဟာကို အခြေခံကာ "လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်" အနေအထားဖြင့် မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်ယာဉ်များ အမြန်ဆုံးရောက်ရှိအောင် အသင့်ရှိနေသည်ကိုလည်း ကြားသိခဲ့ရသည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သို့သော် ပြည်သူများအနေဖြင့် မည်သည့်အကြောင်းကြောင်းကြောင့်နှင့်မျှ မီးလောင်မှုမဖြစ်ပွားစေရန် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား အစရှိသည့် မီဒီယာများပါ မီးလောင်မှုနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များကို အလေးထားလိုက်နာ ဆောင်ရွက်ကြခြင်းဖြင့် "မီးဘေးအန္တရာယ် ကင်းဝေးစေမည်" ဖြစ်ကြောင်း . . .။

တာမွေမြို့နယ်(တာမွေယာယီဈေး)တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၁၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာဝန်ရှိသူများ ဈေးအတွင်းရှိ မီးသတ်ရေကန်များ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၈)

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (B)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဆရာဝန်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရန်ကုန်မြို့ရှိ အသင်းသူ၊ အသင်းသားများပါ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အိမ်မဲ-ကျောင်းကုန်း ရထားလမ်းနှင့် အိမ်မဲမြစ်ကူးတံတား လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အိမ်မဲမြို့ ရန်ကုန်-ပုသိမ် မီးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ပုသိမ် (ဘဲဂရက်) အိမ်မဲလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အိမ်မဲ-ကျောင်းကုန်း ရထားလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် အိမ်မဲမြစ်ကူး တံတား လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ တင်ပြချက်များ အပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် အိမ်မဲမြို့ နယ်မြေခံ တပ်ရင်း အတွင်း နှစ်ရှည်သီးနှံပင်များ ရှင်သန် ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်း ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင် များအားတွေ့ဆုံ၍ တာဝန်ရှိသူများအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တိုင်းမှူးသည် တာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာ ၇ ရက်တွင် မအူပင်မြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မအူပင်-တွံတေးလမ်း ကတ္တရာလမ်းလုပ်ငန်း၌ လုပ်ငန်းဆောင်ရွက် နေမှုနှင့် တိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မအူပင်-တွံတေးလမ်း မိုင်တိုင်အမှတ် (၆/၂) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တိုင်း ဒေသကြီးအတွင်း လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ မအူပင်မြို့နယ် အိုင်ဝိုင်း ကျေးရွာအုပ်စုတွင် ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား တာဝန်ရှိသူများ က မြို့နယ်၏ မိုးစပါးစိုက်ပျိုး၊ ရိတ်သိမ်း ထွက်ရှိမှု၊ နွေစပါး၊ ဆောင်းသီးနှံစိုက်ပျိုး သွားမည့် အခြေအနေနှင့် တောင်သူများ သို့ စိုက်စရိတ်၊ မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်မှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် နွေစပါး စိုက်ပျိုးပြင်ဆင်ထားရှိမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ရွှေဂွံနီး အထက အာစရိယပူဇော်ပွဲကျင်းပမည်

ဘားအံ ဒီဇင်ဘာ ၂၀

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရွှေဂွံနီး အထက ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) တွင် အထက ရွှေဂွံနီး ဖွဲ့ကပင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအားလုံးအား ပူဇော်ကန်တော့မည်ဖြစ်ပြီး အလှူငွေ ထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလို သူများ ကျောင်းသားဟောင်းများဖြစ်သည့် ဒေါ်မိုးပုလဲစိုး (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါက်တာတင်ဝင်း ကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ- ဒေါ်မြင့်ရီ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးဖိုးလုံး- ဒေါ်ကျင်လွမ်း ဖုန်း-၀၉-၈၇၃၀၁၂၅ (ရွှေဂွံနီး) ဖုန်း-၀၉-၅၆၆၀၆၁၃(ဘားအံ)၊ ဒေါ်စောနွဲ့ (ရန်ကုန်) ဖုန်း- ၀၉-၅၁၈၃ ၁၂၄၊ ဦးတင်အေး (ရန်ကုန်) ဖုန်း-၀၉- ၅၀၈၂၀၀၉နှင့် ဦးမောင်မောင်ကြီး (ရန်ကုန်) ဖုန်း-၀၁- ၅၆၉ ၅၄၃ တို့သို့ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆုချီးမြှင့်

အလက(၁၀) ထ(၂)ခွဲ မြောက်ဥက္ကလာပ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၂ရက် က နေခြည်ခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ ပဉ္စမတန်း အထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရရှိသော မဝင်းပြည့်စုံအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ငွေးဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံတစ်ဝန်း နိုဝင်ဘာလအတွင်း မီးလောင်မှု (၅၂)ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၀

၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး ၄၆ ကြိမ်၊ အလိုအလျောက်မီးတစ်ကြိမ်၊ လျှပ်စစ်မီးလေးကြိမ်၊ မသမာသူ ရှို့မီးတစ်ကြိမ် ပါဝင်သည်။ မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၇၄ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၈၆၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူလေးဦးသေ၊ ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ပေါ့ဆစွာသုံးစွဲမှု

မီးလောင်မှု (၅၂)ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၄၆ ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၈ ဒသမ ၄၆ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရ သည်။

မီးလောင်မှုအကြိမ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားခဲ့ သည့် မီးလောင်မှု ကိုးကြိမ်အနက် ရှစ်ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

နိုဝင်ဘာလအတွင်း ကျေးရွာမီးလောင်မှု ၁၁ ကြိမ် ဖြစ်ပွားခဲ့ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၂၁ ဒသမ ၁၅ ရာခိုင်နှုန်းခန့် ဖြစ်သည်။

မီးသတိမူ

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ လိုက်နာဆောင်ရွက် ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း ၊ ဈေးများ ၊ အထပ်မြင့် အဆောက် အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြု တိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာ ပေးခြင်း၊ မြို့နယ် ၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

မီးဘေးလုံခြုံရေး

ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှ စတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"လူသုံးမျိုး" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၆း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၈)**
၈း၄၀	Fashion Music Festival (Part-8)
၉း၁၅	သုညတမ္မမိုးကုတ်ဝိပဿနာ၏ မင်္ဂလာရှိသောနေ့တစ်နေ့
၉း၃၀	Cartoon Show Time (Wallace & Gromit)
၁၀း၁၀	မမောမပန်းခရီးလမ်း. . . ဆံတော်ရှင်ထံအရောက်မှန်း
၁၀း၃၀	Celebrity Style (ဇူးဇူးမောင်)
၁၁း၀၀	သင်ကြားရေးလမ်းညွှန် (အောင်ကျော်ဟိန်း)
၁၁း၁၅	Activities in The City -မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သက်ကြီးပညာရှင်များ ပူဇော်ရန်အလှူငွေပေးအပ်ပွဲ -အခွင့်အလမ်းဂျာနယ်၏ (၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနား
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	မြင်သုံးမြင်မှုထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
၁၂း၁၅	ရတနာကိုးသွယ်စီကာသခြယ်
၁၂း၃၅	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁း၀၀	"လူသုံးမျိုး" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Wedding Season
၃း၀၅	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြိုးပမ်းချက် ဖြောင့်ဖြူးသောလမ်းများ သင့်အတွက်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၈)**
၄း၅၀	Activities in The City (အပြည်ပြည်ဆိုင်ရာအဘိဓမ္မာ တက္ကသိုလ်၏သင်တန်းဖွင့်ပွဲ အခမ်းအနား)
၅း၀၅	The Champion of Dance
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Pre X'mas Concert)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၂)**
၇း၂၀	Fashion Music Fastival (Part-9)
၈း၀၀	MRTV-4 သတင်း
၈း၃၀	သူတို့ဘဝ သူတို့ဟာသ (ကိုပြုံးချို)
၉း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၉)**
၁၀း၁၀	Celebrity Choice (အိမ့်ချစ်)
၁၀း၃၅	အနုပညာမိုးကောင်းကင်
၁၀း၅၅	လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
၁၁း၀၅	International Show Biz
၁၁း၂၅	လပွတ္တာနှင့်သုံးမိုင်အကွာ
၁၁း၄၀	Shooting Making (မျက်ရည်တိုက်ပွဲ)
၁၁း၅၀	တစ်ခါစားကြည့်အရသာသိ စွဲငြိစေမည်မဟာဌာနီ
၁၂း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ)
၁၂း၂၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
၁၂း၄၅	World of Knowledge (Interpol Investigate; The Serpant)
၁း၃၅	လန်းဆန်းမွှေးကြိုင် မင်္ဂလာပန်းခိုင်
၁း၄၅	ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၁)
၂း၁၅	လူငယ် IT ပညာရှင်များနှင့် Software Engineering
၂း၄၀	Box Office Movies(300)
၃း၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀	ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၄း၃၅	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
၄း၄၅	ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၂) ကော့ကရိတ် (၁၉၈၅-၂၀၁၀) ငွေရတုသဘင်နှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

အထက(၂) ကော့ကရိတ်မြို့ (၁၉၈၅-၂၀၁၀) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ငွေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူး နေ့) နံနက် ၉ နာရီတွင် အထက(၂) ကော့ကရိတ် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီ ဖုန်း-၀၅၈-၄၀၄၅၃ သို့ ဆက်သွယ် လှူဒါန်း နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဂုဏ်ပြုဆုချီးမြှင့်

၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး ရရှိသူများနှင့် သင်္ချာဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ ဘာသာစုံဂုဏ်ထူးရရှိသော မရည်မွန်ဆွေအား ဆရာဦးမောင်မောင်တီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မီးဘေးကာကွယ်

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့မဈေး မီးဘေးလုံခြုံရေး ကြီးကြပ်မှုအဖွဲ့ဝင်များ ဒီဇင်ဘာ ၁၄ ရက်က ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

အဆိုပါ ရထားလမ်းပိုင်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးတင်ထွတ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းမှူးက ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ဖွင့်ပွဲအထူးရထားပေါ်တွင် လိုက်ပါကြမည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ကြသည်။

တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖွင့်ပွဲအထူးရထားဖြင့် လိုက်ပါစီးနင်း၍ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝမ်ကောင်းဘူတာ၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ ဖွင့်လှစ်သည့် ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းသည် အရှည်မိုင် ၅ ဒသမ ၆ မိုင်ရှိပြီး မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေး အရှည်မိုင် ၂၂၆ မိုင်၏ ပထမဆုံး ဖွင့်လှစ်ပေးနိုင်သည့် ရထားလမ်းပိုင်းဖြစ်သည်။ အဆိုပါလမ်းပိုင်းကို မြန်မာ့မီးရထားမှ အချိန် တစ်နှစ်နှင့် ရှစ်လအတွင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၆၀၀ ကျော်ရှိ ရှမ်းရိုးမ တောင်ပေါ်ဒေသ၌ တံတားကြီးငယ် ၁၇ စင်း၊ ဘူတာပေါင်း နှစ်ဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ၁၀ ဒီဂရီ ကွေ့ပေါင်း ၁၈ ကွေ့နှင့် အများဆုံး ဆင်ခြေလျှော ၁း၈၀ ဖြင့် ဖောက်လုပ်ခဲ့သည်။

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းတွင် ပြေးဆွဲမည့် ရထားစက်ခေါင်းနှင့် ရထားတွဲများကို မြန်မာ့မီးရထားမှ ကာယ၊ ဉာဏ လုပ်သားများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ ပူးပေါင်း၍ အချိန်တိုကာလအတွင်း အဆင့်ဆင့် သယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် ယခုဖောက်လုပ်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်း အရှည်မိုင် ၂၂၆ မိုင် ပြီးစီးသွားပါက ဒေသထွက်ကုန်များကို များများနှင့် မြန်မြန် သယ်ယူပို့ဆောင်ပေးနိုင်တော့မည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်များ ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးတင်ထွတ်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားပေါ်တွင် လိုက်ပါကြမည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းသည် အရှည်မိုင် ၅ ဒသမ ၆ မိုင်ရှိပြီး မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေး အရှည်မိုင် ၂၂၆ မိုင်၏ ပထမဆုံး ဖွင့်လှစ်ပေးနိုင်သည့် ရထားလမ်းပိုင်းဖြစ်။

မြန်မာ့မီးရထားမှ အချိန်တစ်နှစ်နှင့် ရှစ်လအတွင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၆၀၀ ကျော်ရှိ ရှမ်းရိုးမ တောင်ပေါ်ဒေသ၌ တံတားကြီးငယ် ၁၇ စင်း၊ ဘူတာပေါင်း နှစ်ဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ၁၀ ဒီဂရီ ကွေ့ပေါင်း ၁၈ ကွေ့နှင့် အများဆုံး ဆင်ခြေလျှော ၁း၈၀ ဖြင့် ဖောက်လုပ်။

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ကျိုင်းတုံ-ဝမ်ကောင်း ရထား လမ်းပိုင်း

မိုးနဲ - ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ကျိုင်းတုံ - ဝမ်ကောင်း ရထားလမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးတင်ထွတ်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ခေါင်းနှင့် ရထားတွဲများကို မြန်မာ့မီးရထားမှ ကာယ၊ ဉာဏ လုပ်သားများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ ပူးပေါင်း၍ အချိန်တိုကာလအတွင်း အဆင့်ဆင့် သယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် ယခုဖောက်လုပ်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်း အရှည်မိုင် ၂၂၆ မိုင် ပြီးစီးသွားပါက ဒေသထွက်ကုန်များကို များများနှင့် မြန်မြန် သယ်ယူပို့ဆောင်ပေးနိုင်တော့မည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်များ ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ပထဝီဝင်မိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပထဝီဝင်မိသားစုများက ဒွါဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို တက္ကသိုလ်များဓမ္မာရုံ၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာခင်ခင်ဝေ ဖုန်း-၅၃၆၉၄၃၊ ဒေါက်တာခင်နှင်းဖြူ ဖုန်း-၀၉-၅၁၇၄၂၂၈၊ ဒေါက်တာအောင်ဝင်း ဖုန်း- ၀၉-၅၀၀၇၆၉၅၊ ဒေါက်တာခင်ခင်ဌေး ဖုန်း- ၀၉-၅၁၈၁၉၆၀၊ ဦးတင်မောင်ညွန့် ဖုန်း- ၀၉-၅၁၇၃၇၃၈၊ ဦးချားလ် ဖုန်း- ၀၉-၅၀၀၇၇၁၂၊ ဒေါ်ခင်သန်းဆွေ ဖုန်း- ၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း- ၅၅၉၁၇၄၊ ဦးစိန်အောင် ဖုန်း- ၀၉-၉၉၂၅၅၅၀၊ ဦးမြင့်အေး ဖုန်း- ၀၉-၅၀၀၅၈၃၀၊ ဦးနေအောင် ဖုန်း- ၀၉-၅၁၃၁၈၀၉၊ ဦးဝင်းနိုင် ဖုန်း- ၀၉-၅၁၂၂၉၈၉၊ ဒေါက်တာယုယုမော် ဖုန်း- ၀၉-၅၁၄၀၈၅၀ နှင့် ဒေါက်တာချိုချိုသွင် ဖုန်း-၀၉-၅၁၄၃၂၈၅ တို့သို့ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၂) သာကေတ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

အထက(၂) သာကေတ၌ ၁၉၆၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသန်းထွန်း-ဒေါ်မာတင် ဖုန်း-၅၄၂၆၇၂၊ ဦးဝင်းကြည်(ဖေသောရီ) ဖုန်း-၅၅၄၃၃၂၊ ဒေါက်တာ သန်းဝင်းညွန့် ဖုန်း-၀၉-၅၁၅၉၃၆၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွန့် ဖုန်း-၀၉-၄၉၂၉၇၅၃၁၊ ဒေါက်တာ သောင်းဝင်း ဖုန်း-၀၉-၅၁၉၁၆၄၁နှင့် ဦးဝင်းရွှေ ဖုန်း-၇၃၀၁၁၂၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ(၂) အမှတ်(၄၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အနာဂတ်တွင် ဘယ်လိုမယုံကြည်နိုင်စရာ အံ့သြဖွယ်ဖြစ်ရပ်များ ပြောင်းလဲလာမည်လဲ၊ Neuro, Bio, Nano နှင့် IT ကဏ္ဍလေးရပ်နှင့် အတူ Smart မြို့ကြီးများ ထွန်းကားလာမည်၊ ကွန်ပျူတာစနစ်တပ်ဆင် တန် ၃၆၀ကျ ဆန်ဖြူချောစက်ရုံ မကြာမီလည်ပတ်တော့မည်၊ ပြည်ပဈေးကွက်တွင် မြန်မာ့အရည်အသွေးမြင့် ဆန်များထိုးဖောက်ရေး ရည်ရွယ်၊ နေပြည်တော်၏ အဓိကလမ်းမကြီးများ ဖြစ်လာဖွယ်ရှိသည့် နေရာများတွင် ဇီဇဝါပန်းပွင့် အဝိုင်းကြီးနှင့် စိန်ပန်းပြာပန်းပွင့် အဝိုင်းကြီးနှစ်ခု ထပ်မံတည်ဆောက်"၊ မြန်မာ-တရုတ် ကုန်သွယ်မှု နှစ်စဉ်မြင့်တက်လျက်ရှိ၊ တရုတ်ကုမ္ပဏီ ၁၇၀ ကျော်က ကဏ္ဍကြီးရှစ်ခု၏ လုပ်ငန်းပေါင်း ၆၉ ခုတွင် ပါဝင်ရင်းနှီးမြှုပ်နှံထား စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားကုမ္ပဏီ ၁၅ ခုတွင် နော်ဝေနိုင်ငံက အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရင်းနှီးမြှုပ်နှံထား၊ ဆေးဆိုင်များ မှတ်ပုံတင်ထားခြင်းရှိ၊ မရှိ သံသယရှိပါက FDA သို့ မေးမြန်းနိုင်၊ နို့နှင့် နို့ထွက်ပစ္စည်းများ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီထုတ်လုပ်ရေး နည်းပညာများ ရှာဖွေဖြန့်ဖြူးပေးရန်လိုအပ် စသည့် မျက်နှာဖုံးသတင်းများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ နိုင်ငံတကာအားကစားကဏ္ဍနှင့် မှုခင်းသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မောင်ဝံသ၏ Online ပေါ်က သတင်းစစ်ပွဲ၊ ဝင်းထွဋ်၏ လူမှုစီးပွားမြင့်မား ရန်ကုန်ခရီးသွားများပြား၊ မြန်မာနိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး ခေတ်စားတော့မည်၊ ၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ထူးခြားသော အဖြစ်အပျက်များ၊ သူတို့ပြောကြတဲ့ အကယ်ဒမီဆိုတာ၊ အကယ်ဒမီညအတွက် ကြိုတင်ရင်ခုန်ခြင်း စသည့် သတင်းဆောင်းပါးနှင့် သတင်းများကို ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ဖော်ပြထားသည်။ (သတင်းစဉ်)

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

မိတ္ထီလာ ဒီဇင်ဘာ ၂၀

မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ဇီးချိုကုန်းကျေးရွာနေ အောင်ဝင်း (၃၇)နှစ် မောင်းနှင်သည့် ဟင်းဆမ်း ၁၁၀ အနက်ရောင်ဆိုင်ကယ် နောက်မှ ဇီးချိုကုန်းကျေးရွာနေ ဒေါ်ချစ်ပြုံး အသက် (၅၀) လိုက်ပါစီးနင်းလာခဲ့ရာ ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် (၃၃၇/၁) အနီးအရောက်တွင် ဒေါ်ချစ်ပြုံးမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဒဏ်ရာများရရှိသွားသဖြင့် ဒီဇင်ဘာ ၁၇ ရက်က မိတ္ထီလာဆေးရုံသို့ တင်ပို့ပြီးနောက် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သဖြင့် ဆိုင်ကယ်စီးသူ အောင်ဝင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခရီးသည်တင်မှန်လုံကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်စီးသူနှစ်ဦး သေဆုံး

သာစည် ဒီဇင်ဘာ ၂၀

သာစည်မြို့နယ် ဟံဇားရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း တမာကုန်းလမ်းခွဲအနီးတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ သယ်ာန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ ယာဉ်မောင်း ထွန်းထွန်းဦး (၃၈)နှစ်သည် မန္တလေးမှ ခရီးသည်များတင်ဆောင်လာသည့် ဖူဆိုအမျိုးအစား မှန်လုံ အမြန်ကားကြီးအား မောင်းနှင်လာစဉ် သာစည်မြို့နယ် တမာကုန်းလမ်းခွဲ အရောက်တွင် ဝမ်းတွင်းမြို့နယ် ဒါးလှကျေးရွာနေ မြင့်ထွန်း (၂၆)နှစ်နှင့် နောက်မှစီးသူ တင်မောင်ဌေး (၃၃)နှစ် စီးလာသည့် ကင်ဘို ၁၂၅ ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်စီးသူနှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိသွားပြီး ဝမ်းတွင်းဆေးရုံသို့တင်ပို့ကုသစဉ် နှစ်ဦးစလုံးသေဆုံးသွားခဲ့သည်။ ကားနှင့်ဆိုင်ကယ်တိုက်မှုကို ဟံဇားရဲစခန်းက တရားလိုပြုလုပ်၍ ယာဉ်မောင်းနှင့် ဆိုင်ကယ်စီးသူတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)

ကွန်ကရစ်ရေပြွန်တည်ဆောက်

ဖလမ်း ဒီဇင်ဘာ ၂၀

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လိုင်ဇိုးလမ်း ကွန်ကရစ်ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်းကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်သူအောင် ဒီဇင်ဘာ ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

နယူးဇီလန်ဘုရင်ခံချုပ်ထံ သံအမတ်ကြီး ဦးပေါ်လွင်စိန်က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ ခန့်အပ်လွှာကို ဒီဇင်ဘာ ၃ ရက်တွင် အော့(က်)ကလန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဆာ အာနန် ဆတ်ရန်နတ်ထံ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၁ ရက် လကြတ်မှုဖြစ်စဉ်၌ လကို အနီရောင်သမ်းလအဖြစ် မြင်တွေ့ရမည်

ပါရီ ဒီဇင်ဘာ ၂၀

ရာသီဥတုအခြေအနေကောင်းပါက ဒီဇင်ဘာ ၂၁ ရက် နံနက်စောစောပိုင်း၌ လအပြည့်အဝကြတ်မှုဖြစ်စဉ်တစ်ရပ်ကို အမေရိကတိုက် မြောက်ပိုင်းနှင့် ဥရောပတိုက်တို့၌ မြင်တွေ့ရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ လအပြည့်အဝကြတ်မှုဖြစ်စဉ်သည် သုံးနှစ်လျှင် တစ်ကြိမ်ဖြစ်ပေါ်တတ်ပြီး လကို အနီရောင်လအဖြစ် ပြောင်းလဲမြင်တွေ့ရမည်ဖြစ်သည်။ မြောက်ယဉ်စွန်းတန်း၏ ဆောင်းလယ်ကာလ နေ၏တည်နေရာသည် အီကွေတာမှ အဝေးဆုံးနေရာ၌ ရောက်ရှိချိန်တွင် ကမ္ဘာမြေ၊ နေနှင့် လတို့ တစ်တန်းတည်း ကျရောက်ရာမှ လအပြည့်အဝကြတ်မှုဖြစ်ပွားသည်။

အစောပိုင်းကာလက ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော မီးတောင်ပေါက်ကွဲမှုများကြောင့် ကမ္ဘာ့လေထုလွှာအတွင်း ဖုန်မှုန့်တန်ပေါင်းများစွာ ပိတ်ဖုံးနေမည်ဖြစ်ရာ အလင်းယိုင်မှုဖြစ်စဉ်အရ ကမ္ဘာမြေပေါ်မှ မြင်တွေ့ရမည့် လသည် အရောင်အဆင်းအားဖြင့် အနီရောင်သမ်းနေမည်ဖြစ်သည်။

ဥရောပတိုက်အနောက်ပိုင်းသည် လကြတ်မှုဖြစ်စဉ်၏ အစပိုင်းကို တွေ့မြင်နိုင်မည်ဖြစ်ပြီး လကြတ်မှုနောက်ပိုင်းဖြစ်စဉ်ကို အာရှတိုက်နောက်ပိုင်း၌ တွေ့မြင်ရမည်ဖြစ်သည်။ လအပြည့်အဝကြတ်မှုဖြစ်စဉ်သည် သုံးနာရီခွဲခန့်ကြာမြင့်မည်ဖြစ်ပြီး ဖြစ်စဉ်တစ်ရပ်လုံးကို မြောက်အမေရိက၊ ဂရင်းလန်နှင့် အိုက်စလန်ဒေသများ၌ ကြုံတွေ့ရမည်ဖြစ်သည်။

လကြတ်မှုဖြစ်စဉ်ကို ရှေးအတိတေကပင် သဘာဝလွန်ယုံကြည်မှုများနှင့် ကြမ္မာဆိုး၏ အမှတ်အသားတို့ဖြင့် တွဲစပ်စဉ်းစားလေ့ရှိသည်။ ဘီစီ ၃၃၁ တွင် ဖြစ်ပွားခဲ့သော ဂေါဂါမီလာစစ်ပွဲ၌ ပါရှန်းဘုရင် ဒါရီးယပ်စ်-၃ အား မဟာအလက်ဇန္ဒားဘုရင်က အနိုင်ယူမည့်အကြောင်းကို အနီရောင်လပေါ်ထွက်ချိန်၌ ရှေးဖြစ်ဟောဆရာများက ကြိုဟောခဲ့ဖူးသည်။

ဒဏ္ဍာရီများအရ မြောက်အမေရိကတိုက်ကို တွေ့ရှိခဲ့သူ ခရစ္စတိုဖာကိုလံဘတ်စ်သည် လအပြည့်အဝကြတ်မှုဖြစ်စဉ်ကို အသုံးချကာ ဂျမေကာကျွန်း ကမ်းရိုးတန်း၌ သင်္ဘောသောင်တင်ကာ စားနပ်ရိက္ခာပြတ်လပ်နေသော သင်္ဘောသားများကို ကယ်တင်နိုင်ဖူးသည်။

၁၅၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် လကြတ်မည်ကို တွက်ဆမိသော ကိုလံဘတ်က ၎င်းတို့အား မကူညီလျှင် နောက်တစ်နေ့တွင် လကို ကွယ်ဖျောက်ပစ်မည်ဖြစ်ကြောင်း ဂျမေကာကျွန်းသားများကို ဟန်ဆောင်ခြိမ်းခြောက်အကူအညီရယူကာ သင်္ဘောသောင်တင်နေခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုဘေးကို ကျော်လွှားနိုင်ခဲ့သည်။ ***အေအက်ဖ်ပီ။***

နေ၊ လနှင့် ကမ္ဘာမြေတို့ တစ်တန်းတည်းကျရောက်ချိန်တွင် လကြတ်မှုဖြစ်စဉ် ပေါ်ပေါက်မှုကို တွေ့ရစဉ်။

ဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) လယ်ယာစက်ရုံ(မလွန်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဒီဇင်ဘာ ၁၈ ရက်တွင် အမှတ်(၂)လယ်ယာစက်ရုံ(မလွန်)သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ခေတ်မီစွာ ထုတ်လုပ်ထားသည့် ၂၅ တန် လမ်းကြိတ်စက်နှင့် ဈေးကွက်လိုအပ်ချက်နှင့်အညီ အင်ဂျင်အသစ်များဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ထုတ်လုပ်ထားသည့် ၁၀ တန် လမ်းကြိတ်စက်များကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းကြိတ်စက်များကို လျှာထားချက်ပြည့်မီအောင် ထုတ်လုပ်လျက်ရှိပြီး ဈေးကွက်တွင် အရောင်းသွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်တွင်းမှ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ပြည်ပမှ စက်ပစ္စည်းအစိတ်အပိုင်းအချို့တို့ဖြင့် ပေါင်းစပ်သုတေသနပြု ထုတ်လုပ်ထားသည့် Mini Cutter Dredger (သောင်တူးစက်)စမ်းသပ်သောင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံ၏ ဝင်ငွေလျာထားချက်ပြည့်မီရေး၊ အမြတ်ရရှိရေး၊ အသုံးစရိတ်ချွေတာရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) လယ်ယာစက်ရုံ(မလွန်)မှ ပြည်တွင်းစက်ပစ္စည်းအစိတ်အပိုင်းများနှင့် ပြည်ပစက်ပစ္စည်းအစိတ်အပိုင်းအချို့တို့ဖြင့် ပေါင်းစပ်သုတေသနပြု ထုတ်လုပ်ထားသည့် Mini Cutter Dredger (သောင်တူးစက်) စမ်းသပ် သောင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၂)

Nikon DSLR အမျိုးအစားသစ် D3100နှင့် D7000မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

နီကွန် Singapore Pte ., Ltd.နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသည့် Nikon DSLR အမျိုးအစားသစ် Model D3100 နှင့် D7000 မိတ်ဆက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် Special Style Photo & Electronics မှ MD ဦးမောင်မောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး Nikon Singapore မှ Senior Manager (Business Strategy & Marketing) Mr.Daren Tan က Nikon ၏ မြန်မာပြည် ဓာတ်ပုံကဏ္ဍနှင့် စပ်လျဉ်း၍ တိုးတက်အောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များကို လည်းကောင်း၊ Asia Technical Office Manager Mr. William Lee က D3100/ D7000 နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသော ပရိသတ်နှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဓာတ်ပုံပညာရှင် Nagoya ဦးဇော်မြင့်က D3100/ D7000 ကင်မရာများ အသုံးပြု၍ လက်တွေ့ရိုက်ကူးခြင်း အတွေ့အကြုံများကို ဆွေးနွေးတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဓာတ်ပုံပညာရှင်များက Model သစ် ကင်မရာများကို လက်တွေ့စမ်းသပ်ရိုက်ကူးကြသည်။

D3100/D7000 ကင်မရာအသစ်များကို မြန်မာတစ်ပြည်လုံးရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် တစ်နှစ်အာမခံဖြင့် ဝယ်ယူနိုင်ပြီး ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အတွင်း ဝယ်ယူသူများအတွက် အထူးအစီအစဉ်အနေဖြင့် ဝယ်ယူခဲ့သော ကင်မရာ၏ အာမခံကတ်ပြားနှင့် အရောင်းဆိုင်၏ ဘောက်ချာနှင့် တွဲဖက်ပြီး Special Style Photo & Electronics ရန်ကုန်ရုံး အမှတ် (၁၈၄-၁၉၂) အခန်း B-1 နှင်းဆီကွန်ဒိုဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၀၀၁၃၈၊ ၃၉၇၆၁၇ နှင့် ၀၉-၅၀၀၇၅၄၀ တွင် မေတ္တာလက်ဆောင်အပိုပစ္စည်း ကင်မရာအိတ်နှင့် SD Card တို့ကို ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Nikon DSLR အမျိုးအစားသစ် Model D3100 နှင့် D7000 မိတ်ဆက်ပွဲအခမ်းအနား၌ Special Style Photo & Electronics မှ MD ဦးမောင်မောင်ဝင်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ တပ်မတော်(ရေ)အသင်းက တပ်မတော်(လေ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁) အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း

မန်စီးတီးတွင်သာ ဆက်လက်နေလို ပုံမှန်ပွဲထွက်ခွင့် အဒီဘာယောတောင်းဆို

မန်ချက်စတာ ဒီဇင်ဘာ ၂၀

လာမည့် ဇန်နဝါရီလတွင် ဂျူဗင်တပ်စ်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားတော့မည်ဟု သတင်းများထွက်ပေါ်နေသည့် မန်စီးတီးအသင်း၏ တိုဂိုလက်ရွေးစင် တိုက်စစ်မှူးအီမန်နျူရဲယ် အဒီဘာယောသည် အသင်း၌သာ ဆက်ရှိနေချင်ပြီး အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရန် တောင်းဆိုလိုက်သည်ဟု သတင်းတစ်ရပ်က ဆိုသည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်တွင် အာဆင်နယ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူ အဒီဘာယောသည် အသင်းအတွက် ပြီးခဲ့သည့်ရာသီတွင် ၂၅ ပွဲ ပွဲထွက်ကစားခွင့်ရခဲ့သော်လည်း အသင်းသို့ မာရီယိုဘာလော့တယ်လီ ရောက်ရှိလာပြီးနောက် နှစ်ပွဲသာလျှင် ပွဲထွက်ခွင့်ရတော့သည်။

ယခုအခါတွင် တော့တင်ဟမ်ဟော့စပါးအသင်းက အပြောင်းအရွှေ့အတွက် သူ့အား အဆက်အသွယ်ပြုလုပ်ခဲ့သော်လည်း စပါးအနေဖြင့် အဒီဘာယော၏ များပြားလှသောလုပ်ခလစာငွေကြောင့် လက်တွန့်ခဲ့ရသည်ဟုလည်း သတင်းတစ်ရပ်က ဆိုသည်။ ***အင်တာနက်။***

မန်စီးတီးအသင်း၏ တိုဂိုလက်ရွေးစင် တိုက်စစ်မှူးအီမန်နျူရဲယ် အဒီဘာယော။

မန်စီးတီးသည် အဲဗာတန်ထက်ပိုကောင်းသည်ဟု မိုရက်စ်ဝန်ခံ

လီဗာပူး ဒီဇင်ဘာ ၂၀

မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ပွဲမတိုင်မီ အဲဗာတန်မန်နေဂျာ ဒေးဗစ်မိုရက်စ်က မန်စီးတီးအသင်းသည် သူ့အသင်းထက် ပိုကောင်းသောအသင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ရာသီအစက သူ့အသင်းသည် ယခုနှစ် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အမှတ်ပေးဇယားထိပ်တစ်နေရာသို့ ရောက်မည်ဟု ခန့်မှန်းပြောဆိုခဲ့သော်လည်း ယခုအခါ အသင်း၏ ဆိုးရွားသော ကစားပုံကြောင့် မဖြစ်နိုင်တော့ကြောင်း ဝန်ခံခဲ့သည်။

"မန်စီးတီးက ပိုကောင်းတဲ့အသင်းလို့ ကျွန်တော်ထင်ပါတယ်"ဟု သူက သတင်းထောက်များကို ပြောကြားခဲ့သည်။

"မန်စီးတီးဟာ ကစားသမားကောင်းတွေကြောင့် အသင်းကောင်းတစ်သင်းဖြစ်လာပြီး အသင်းရလဒ်များကောင်းအောင် ထိန်းထားနိုင်သည်"ဟု သူက ဆိုသည်။ သို့သော် သူက "မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့တော့ မဖြစ်နိုင်သေး" ဟု ခန့်မှန်းခဲ့သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

အထက်ပိုင်းဒေသများ ညအပူချိန် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၁၅ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၀

ဦးအေးမောင်သည် ကစားဖော်များဖြစ်ကြသော ဦးမောင်ဇော်၊ ဦးမောင်မောင်၊ ဦးကျော်ဇေယျတို့နှင့်အတူ ဒီဇင်ဘာ ၁၅ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro Vi No(2) ဘောလုံးကို Honma Iron No(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူ ဗိုလ်မှူးအောင်ကြည်(ငြိမ်း)(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ)သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်အုန်း၊ ဦးဘအုန်း (AUSTRALIA)၊ ဦးထွန်းညွန့်တို့နှင့်အတူ ဒီဇင်ဘာ ၁၇ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel No(2) ဘောလုံးကို Srixon GIE Iron(9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း တစ်နှစ်ပတ်လုံး ဖူးပွင့်ဝေဆာစေမည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

မိုးနဲ-ကျိုင်းတုံ ရထားလမ်းစီမံကိန်း၏ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းဖွင့်လှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် မိုးနဲ-ကျိုင်းတုံ ရထားလမ်းပြီးစီးသွားပါက ဒေသထွက်ကုန်များကို များများနှင့်မြန်မြန် သယ်ယူပို့ဆောင်ပေးနိုင်တော့မည်

နေပြည်တော် ဒီဇင်ဘာ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘူတာယာဒ်ဝင်းအတွင်း၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

မိုးနဲ - ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ - ဝမ်ကောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၂၀-၁၂-၂၀၁၀)

ဟားခါး	**(-၂) ဒီဂရီစင်တီဂရိတ်**
မချမ်းဘော	**၄ ဒီဂရီစင်တီဂရိတ်**
ပင်လောင်း	**၅ ဒီဂရီစင်တီဂရိတ်**